

(စာစဉ်-၁၁)

# ပြန်လည်မွေးဖွားလာသော ယောက္ခမဆိုး

ဘာသာပြန်Miracle Phyu

အခန်း(၂၀၁)

တစ်ခုခုပေါက်ကွဲသွားသလို သူမရဲ့ကမ္ဘာကို အမှောင်ထုကြီး ဝန်းရံသွားခဲ့သည် (၂)

ဖန့်ကျွင်းရုံသည် သူမကို တောက်ပစွာ ပြုံးရယ်ပြလိုက်သည်။ "ကောင်းသားပဲ။ ပျော်စရာကောင်းအောင် ကျောက်အရိုင်းတုံး အနည်းငယ်လောက်ကို ခွဲကြည့်ကြရအောင်။"

ထို့နောက် သူမက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ "ကျောက်အရိုင်းတုံးချည်းပဲ ခွဲကြည့်ရမှာက ပျင်းစရာကောင်းတယ်။ ငါတို့ ဘာလို့ လောင်းကြေးမထပ်ကြည့်ရမှာလဲ။"

ပိုင်ရှစ်ယွင်သည် မျက်မှောင်ကြုတ်သွားပြီး အနည်းငယ် မကောင်းသောစိတ်ခံစားချက်တစ်ခု ရရှိလိုက်သည်။ ဖန့်ကျွင်းရုံကိုကြည့်ရတာ အရမ်းယုံကြည်ချက်ရှိနေပုံပဲ။ ဘာကြောင့် သူမကိုယ်သူမ အရမ်းယုံကြည်မှုရှိနေရတာလဲ။

မည်သို့ပင်ဆိုစေကာမူ သူမဘေးတွင် ရပ်နေသော ကျွမ်းကျင်သူများကို တစ်ချက်ကြည့်လိုက်ပြီး သူမ စိုးရိမ်နေစရာမလိုကြောင်း ခံစားလိုက်ရပြန်သည်။ သူမက ပြောလိုက်သည်။ "ကောင်းတာပေါ့။ ငါတို့ ဘယ်လောက်လောင်းကြေးထပ်မလဲ။"

ဖန့်ကျွင်းရုံက ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ "ယွမ် ၂ မီလီယံလောက်ဆိုရင်ရော ဘယ်လိုလဲ။"

ဒီလောက်ငွေပမာဏသည် ရှင်းယွင်နှင့် ကျိုးရီအတွက် ဆုပေးသည့် ငွေကြေးပမာဏလောက်သာ ဖြစ်သည်။ သူတို့နှစ်ယောက်စလုံးသည် သူတို့ နောက်ဆုံးဖြေဆိုခဲ့ရသည့် စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့ကြသည်။

ထိုငွေပမာဏသည် ပိုင်ရှစ်ယွင်ကို အနည်းငယ် နာကျင်စေနိုင်သော်လည်း သူမ တတ်နိုင်သည့် ပမာဏအတွင်းမှာပင်ဖြစ်သည်။ မဟုတ်ဘူး။ ခဏနေပါဦး။ သူမက ဘာလို့ နာကျင်ရမှာလဲ။ သေချာပေါက် သူမ ရှုံးနိမ့်မှာ မဟုတ်ဘူး။ သူမသာလျှင် ဒီငွေကြေးကို အနိုင်ရရှိသူ ဖြစ်လိမ့်မည်။

သူမသည် ဈေးအကြီးဆုံး ကျောက်အရိုင်းတုံး သုံးတုံးကို ဖြတ်တောက်ရန် ရွေးထုတ်လိုက်သည်။ ထို့နောက် သူမသည် ဖန့်ကျွင်းရုံကို ကြည့်လိုက်ရာ ဖန့်ကျွင်းရုံသည် သူမကျောက်အရိုင်းတုံးများထဲမှ သုံးတုံးကို ကြုံရာကျပမ်း ရွေးချယ်လိုက်ပုံရသည်။

ပြပွဲကောင်းကောင်း ကြည့်ရှုရတာကို ကြိုက်နှစ်သက်သည့် Duchess Capetသည်လည်း သူမ ဟိုတယ်တွင် အနားပြန်ယူမယ့်အစား ဒီနေရာမှာ နေဖို့ ဆုံးဖြတ်လိုက်သည်။

ပိုင်ရှစ်ယွင် ပထမဆုံးဖြတ်တောက်ခိုင်းသည့် ကျောက်အရိုင်းတုံးသည် သူမ ယွမ် ၁၃၀ မီလီယံပေးချေခဲ့သော ကျောက်အရိုင်းတုံးဖြစ်သည့်အတွက် ထိုကျောက်အရိုင်းတုံးအပေါ် သူမ ယုံကြည်စိတ်ချမှုအပြည့်ရှိသည်။

နောက်နာရီအနည်းငယ်အကြာတွင် သူမရဲ့ ယုံကြည်မှုပြည့်ဝသော မျက်နှာသည် လုံးဝ ပျောက်ကွယ်သွားသည်။

သူမသည် မယုံကြည်နိုင်သောအသွင်ဖြင့် ထိုကျောက်အရိုင်းတုံးကို ကြည့်နေသည်။ ကျောက်တုံး၏ မျက်နှာပြင်ပေါ်တွင် အစိမ်းရောင်အလွှာတစ်ခုသာရှိပြီး ထိုအလွှာသည် သနားစရာကောင်းလောက်အောင် ပါးလွှာနေသည်။ လက်ကောက်လုပ်ဖို့ပင် မပြောနဲ့။ လက်စွပ်တစ်ကွင်းလုပ်ဖို့ပင် မ

လုံလောက်ပေ။ အကယ်၍ သူမသာ ကံကောင်းနိုင်မည်ဆိုလျှင် ထို ကျောက်စိမ်းကို သူမ ပုတီးစေ့ အနည်းငယ်ခန့်လောက် ရရှိနိုင်မည် ဖြစ်သည်။

အလင်းရောင်အောက်တွင် အရာအားလုံးကို ရှင်းရှင်းလင်းလင်း မြင်နိုင်သည်။ ထိုကျောက်စိမ်းသည် လုံးဝမသန့်စင်ပဲ ဈေးပေါသည့် လက်ဝတ်ရတနာများကိုသာ ပြုလုပ်နိုင်သည်။

အကဲဖြတ်ချက်အရ ထိုကျောက်စိမ်းသည် အများဆုံး ယွမ် တစ်ထောင်ဝန်းကျင်ခန့်သာ တန်ကြေးရှိသည်။ ကျောက်စိမ်းလောက ဗန်းစကားအရ ဒါက အချိုကြီးရေစုန်မျောသွားတာပဲ ဖြစ်သည်။

ပိုင်ရှစ်ယွင်သည် ဒီကျောက်စိမ်းအတွက် သူမ ဘယ်လောက်သုံးစွဲခဲ့တာလဲဆိုတာကို သတိရမိပြီး မေ့လဲကျလုနီးပါး ဖြစ်သွားသည်။

"မဖြစ်နိုင်ဘူး။ ဒါက မဖြစ်နိုင်ဘူး..."

အစပိုင်းတွင် ဈေးကြီးသောဈေးဖြင့် အတင်းအကြပ် ဝယ်ယူခဲ့သော ပိုင်ရှစ်ယွင်သည် ရေခဲကန်ထဲသို့ ကျရောက်သွားသလို ခံစားရကာ ဒီစကားများကိုသာ ထပ်ခါတလဲလဲ ရေရွတ်နေမိတော့သည်။

သူမက ဖန့်ကျွင်းရုံရဲ့ ကျောက်အရိုင်းတုံးကို လှည့်ကြည့်လိုက်တဲ့အခါမှာတော့ သူမမျက်ဝန်းတွေက နီရဲလုနီးပါး ဖြစ်သွားသည်။

ဖန့်ကျွင်းရုံ ပထမဆုံး ထုတ်ယူခဲ့သော ကျောက်အရိုင်းတုံးသည် ရှားပါးခရမ်းရောင်ကျောက်စိမ်း အမျိုးအစားဖြစ်သည်။ အရင်က သူမ မြင်ခဲ့ဖူးသော ခရမ်းကျောက်အများစုသည် အရည်အသွေး ညံ့ဖျင်းလှသည်။ သို့သော် ဤကျောက်စိမ်းသည် ရှားပါးသော ခရမ်းရင့်ရောင် အမျိုးအစားဖြစ်သည်။ ဤကျောက်စိမ်းသည် အလင်းရောင်အောက်တွင် လျှို့ဝှက်

ဆန်းကြယ်ပြီး အံ့ဝင်ခွင်ကျ ဖြစ်နေခဲ့သည်။ ကျောက်ဖြတ်ဆရာသည်ပင် ဤကျောက်စိမ်းကို ဖြတ်တောက်ခဲ့ရသည့်အတွက် စွဲမက်ပြီး အံ့အားမင်သက်သွားသည်။

"အထူးသဖြင့် ဖန်အမျိုးအစားတွေထဲမှာ ဒီလောက် သန့်ရှင်းတဲ့ ခရမ်းရောင်မျိုးကို တစ်ခါမှ မမြင်ဖူးဘူး။"

"ဒီကျောက်မျက်အရိုင်းတုံးကို လေလံတင် ရောင်းချမယ်ဆိုရင် ယွမ် မီလီယံချီပြီး လေလံဆွဲနိုင်ပါတယ်။"

ဤနေရာတွင် Duchess Capetအပြင် အခြားပရိသတ်များစွာ ရှိနေခဲ့ကြသည်။ ကျောက်အရိုင်းတုံး နှစ်ခုအကြား သိသာထင်ရှားသည့် ခြားနားချက်ကို ကြည့်ခြင်းအားဖြင့် သူတို့သည် ကျောက်အလောင်းအစားက ကံတရားပေါ်တွင်လည်း မူတည်နေကြောင်းကို သေချာစေသည်။ အတွေ့အကြုံများစွာ လိုအပ်သော်လည်း ကံကောင်းခြင်းသည် ထပ်တူအရေးကြီးသည်။

ပိုင်ရှစ်ယွင်သည် ကျွမ်းကျင်သူများစွာကို ဒီနေရာသို့ ခေါ်ယူလာခဲ့ပြီး သူတို့က အသုံးမဝင်နေဆဲဖြစ်သည်။ ဖန့်ကျွင်းရုံသည် ဒီကျောက်အရိုင်းတုံးအတွက် ယွမ် တစ်မီလီယံကိုသာ ပေးချေခဲ့ရပြီး ကျောက်အောင်ခဲ့သည်။ သူမ ရရှိခဲ့သော ပမာဏသည် လူတိုင်းကို မနာလိုဖြစ်စေခဲ့သည်။

Duchess Capetသည်လည်း သူမ မြင်လိုက်ရသော အရာများကြောင့် သူမကျောက်အရိုင်းတုံးများကိုလည်း ဖြတ်ရန် ဆုံးဖြတ်လိုက်သည်။

လှောင်ပြောင်သရော်လိုသည့် အသွင်များက ပိုင်ရှစ်ယွင်ကို ပိုမို စိတ်လှုပ်ရှားစေသည်။ သူမ ဇလုံးဇထွေးဆိုလိုက်သည်။ "ငါတို့မှာ နောက်ထပ်ကျောက်အရိုင်းတုံး နှစ်တုံး ကျန်သေးတယ်။'

အဲ့တာက မှန်ပါတယ်။ သူမ လုံးဝ မရှုံးသေးပါဘူး။ သူမတို့ သုံးကြိမ် ယှ

ဥ္ပြိုင်ဖို့ စီစဥ္ထားတာဖြစ်သည်။ ဖန့်ကျွင်းရုံရဲ့ ပထမဆုံး ကျောက်အရိုင်း တုံးသည် မည်မျှပင် အံ့သြဖွယ်ကောင်းစေကာမူ အနိုင်တစ်ခုအဖြစ်သာ သတ်မှတ်နိုင်သည်။

သူမက ဖန့်ကျွင်းရုံရဲ့ ခရမ်းရောင် ဖန်ကျောက်စိမ်းကို သွားလုပြေးချင် စိတ်ကို ထိန်းဖို့ ကြိုးစားခဲ့သည်။

သို့သော်လည်း နောက်ဆက်တွဲ အဖြစ်အပျက်များသည် သူမ မျှော်လင့် ထားသည်ထက် ကျော်လွန်သွားခဲ့သည်။ ပိုင်ရှစ်ယွင်ရဲ့ မျက်နှာကို ဖြတ် ရိုက်ခံရတာကို ပတ်ဝန်းကျင်က ပရိသတ်အားလုံးပင် ကြားလိုက်ရပါသည်။

***

## အခန်း(၂၀၂)
## တစ်ခုခုပေါက်ကွဲသွားသလို သူမရဲ့ကမ္ဘာကို အမှောင်ထုကြီး ဝန်းရံသွားခဲ့သည် (၃)

သူမရဲ့ ကျန်ရှိသော ကျောက်အရိုင်းတုံးနှစ်ခုသည် ပိုကောင်းသည် မဟုတ်ပေ။ ဒုတိယကျောက်အရိုင်းတုံးသည် သူ့မျက်နှာပြင်ပေါ်တွင် အရည်အသွေးကောင်းတဲ့ ကျောက်စိမ်းအလွှာ ရှိပေမယ့် ဖြတ်လိုက်သည့်အခါမှာ အတွင်းထဲမှာ အရည်အသွေး မကောင်းမွန်တာကို မြင်နိုင်တယ်။ ဒါက အများဆုံး ယွမ် ဆယ်မီလီယံခန့်သာ တန်ကြေးရှိသည်။ သူမ လေလံဆွဲခဲ့သည့် ယွမ် ၉၈ မီလီယံနှင့် ဘယ်လိုမှ မနှိုင်းယှဥ်နိုင်ပါဘူး။

တတိယတတစ်ခုသည် အလွန်ကြည်လင်သော်လည်း ကျောက်၏ တန်ဖိုးကို ဖျက်ဆီးသည့် အညစ်အကြေးများလွန်းသည်။

ပိုင်ရှစ်ယွင်သည် တတိယ ကျောက်အရိုင်းတုံးအတွက် ယွမ် မီလီယံ ၃၀၀ ကျော် သုံးစွဲခဲ့ပေမယ့် ဖြတ်တောက်ပြီးသည့်နောက်မှာ ကျောက်အရိုင်းတုံးတန်ဖိုးငွေရဲ့ အစွန်အဖျားလောက်ကိုသာ ပြန်ရခဲ့သည်။ သူမသည် အနည်းဆုံး ယွမ် မီလီယံ ၃၀၀ကျော် ဆုံးရှုံးသွားသည်ကို တွေးကာ အသက်ရှူမဝသလို ဖြစ်သွားသည်။ သူမအတွက် ရှော့ရစရာ အကောင်းဆုံးမှာ ဖန့်ကျွင်းရုံသည် သူမရဲ့ မည်သည့်ကျောက်အရိုင်းတုံးကမှ ပိုက်ဆံတွေကို မဆုံးရှုံးသွားစေခဲ့သည့်အပြင် ငွေအမြောက်အများကိုပင် ရရှိခဲ့သည်။

ဖန့်ကျွင်းရုံရဲ့ ဒုတိယကျောက်အရိုင်းတုံးသည် ရေခဲအမျိုးအစား ကျောက်စိမ်းဖြစ်ပြီး တတိယကျောက်အရိုင်းတုံးသည် ပို၍ပင် အံ့အားသင့်

စရာကောင်းသည်။ ၎င်းသည် မြစိမ်းဖန်အမျိုးအစားဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း သိပ်မတွေ့ရတော့ပေ။

နူးညံ့တောက်ပပြီး ပြီးပြည့်စုံသည်။ အရွယ်အစားအရ အနည်းဆုံးလက်ကောက် ခြောက်ကွင်းခန့် ပြုလုပ်နိုင်သည်။

ဖန့်ကျွင်းရုံရဲ့ အနီးပတ်ဝန်းကျင်က လူတိုင်း အတော်လေး တုန်လှုပ်သွားကြသည်။ လူအများစုက သူမထံမှ ကံကောင်းခြင်းတွေကို ဝေမျှယူနိုင်အောင် သူမနှင့် လက်ဆွဲနှုတ်ဆက်ချင်နေကြသည်။

သူမသည် ပိုင်ရှစ်ယွင်ကို မတိုက်ခိုက်ပဲ တိုက်ရိုက် လျစ်လျူရှုထားခဲ့သည်။ ဒီလိုလျစ်လျူရှုမှုက သူမကို လှောင်ပြောင်တာထက် ပိုအရှက်ရစေသည်။

ပိုင်ရှစ်ယွင်သည် သူမ တစ်ကိုယ်လုံး ရိုက်နှက်ခံရလို ခံစားသွားရကာ ခြေတွေလက်တွေ အေးစက်သွားသည်။ ကျန်တဲ့မိသားစုဝင်တွေရဲ့ ဒေါသတွေကို သူမ ဘယ်လိုရင်ဆိုင်ရမှန်း သူမ မသိတော့ဘူး။

ဖန့်ကျွင်းရုံက သူမရှေ့သို့ လျှောက်သွားကာ "ရှစ်ယွင်" လို့ တိုးတိုးလေးခေါ်လိုက်သည်။ သူမအသံသည် နှစ်ပေါင်းများစွာ ရင်းနှီးကျွမ်းဝင်လာသောသူငယ်ချင်းများကဲ့သို့ နူးညံ့သိမ်မွေ့သည်။

ပိုင်ရှစ်ယွင်သည် ရုတ်တရက် ခေါင်းမော့ကြည့်လိုက်သည်။ သူမရဲ့မျက်ဝန်းအိမ်များအတွင်းတွင် နက်ရှိုင်းစွာ မုန်းတီးနေသည့်အရိပ်အယောင်များ ပြည့်နှက်နေသည်။ "နင် ငါ့ကို လှောင်ရယ်ဖို့ လာတာလား။'

ဖန့်ကျွင်းရုံက သူမနှုတ်ခမ်းထောင့်စွန်းများကို တွန့်ကွေးကာ "မဟုတ်ပါဘူး၊ ငါ နင့်ကို ကျေးဇူးတင်ဖို့ လာတာပါ။" လို့ ပြောလိုက်သည်။

ပိုင်ရှစ်ယွင်ရဲ့ မျက်နှာအမူအရာဟာ အေးခဲသွားသည်။ သူမသည်

အနည်းငယ် အရှုံးပေါ်သွားခဲ့သည်။ သူမက ဘာကို ကျေးဇူးတင်တာလဲ။

ဖန့်ကျွင်းရုံက သူမကို ပြီးပြည့်စုံတဲ့အပြုံးတစ်ပွင့် ပေးခဲ့သည်။ "အကယ်၍ နင့်ကြောင့်သာ မဟုတ်ရင် ဒီကျောက်အရိုင်းတုံးတွေအတွက် ငါ ပေးချေနေလိမ့်မယ်။ နင် ငါ့ကို ငွေကြေးချွေတာဖို့ ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နင်က အရမ်းကောင်းတဲ့လူပဲ။"

"အိုး... ပြီးတော့ ငါတို့လောင်းကြေးရှိသေးတယ်နော်။ နင် ငါ့ကို ယွမ် တစ်မီလီယံ လွှဲပေးဖို့ မမေ့ပါနဲ့။"

သူမမျက်ဝန်းတွေကို ကြည့်လိုက်သောအခါတွင် လှောင်ပြောင်လိုသည့် အရိပ်ကို ပိုင်ရှစ်ယွင် မြင်တွေ့လိုက်ရသည်။ သူမ ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ယမ်းသွားကာ လက်သီး တင်းတင်းဆုပ်ထားမိပြီး သူမတစ်ကိုယ်လုံး ဝမ်းနည်းခြင်းများစွာထဲသို့ နစ်မြုပ်သွားခဲ့သည်။

အတိအကျပဲ။ သူမ ဘာကြောင့် ဒီကျောက်အရိုင်းတုံးတွေကို ရွေးချယ်မိတာလဲ။

ဒါတွေက ဖန့်ကျွင်းရုံရဲ့ အရှုံးတွေ ဖြစ်နိုင်တာကို အခုတော့ သူတို့ကို သူမလက်ထဲ လွှဲပြောင်းခဲ့ပြီ။

အခု သူမ ဘယ်လောက်တောင် နောင်တရနေမိလဲ။ ပြီးတော့ သူမ ဘယ်လောင်တောင် မုန်းတီးနေမိလဲ။

ထို့နောက် သူမတွင် အခြားအရာသာ ဖြစ်ပွားသွားခဲ့သည်။ သူမ ဖန့်ကျွင်းရုံကို ရန်ပြုသည့်အခါတိုင်း သူမ ဘယ်တော့မှ အနိုင်မရဘူးဆိုတာကို ရုတ်တရက် သဘောပေါက်သွားသည်။ ဖန့်ကျွင်းရုံ၏ တည်ရှိမှုသည် သူမကို အနိုင်ယူရန် ဖြစ်နိုင်သည်။ ကံမကောင်းစွာပဲ သူမ သိတာ အရမ်းနောက်ကျသွားသည်။

သူမနှုတ်ခမ်းများ စက္ကူစကဲ့သို့ ဖြူရော်သွားကာ သူမ အချိန်တွေကို နောက်ပြန်ဆုတ်ချင်သွားမိသည်။ သူမသည် ဖန့်ကျွင်းရုံနှင့် တတ်နိုင်သမျှ အဝေးဆုံးမှာ နေမိမှာ သေချာပေါက်ပင်။

"ကျွင်းရုံ ကြည့်စမ်းပါဦး။ ငါ အပြာရောင် ရေခဲအမျိုးအစားရတယ်။ ဒီအရောင်က အရမ်းလှလွန်းလို့ အသားအရေထိန်းသိမ်းဖို့အတွက်တောင် ငါ မသုံးချင်တော့ဘူး။"

ကျောက်အရိုင်းတုံးကို ဖြတ်ပြီးသောအခါ အံ့အားသင့် ပျော်ရွှင်နေသော Duchess Capet၏ အသံက ထွက်ပေါ်လာခဲ့သည်။ သာမာန်အချိန်များတွင် တွေ့ရလေ့မရှိသော ရေခဲအမျိုးအစား ကျောက်စိမ်းများသည် ဒီနေ့တွင် တစ်ခုပြီး တစ်ခု ပေါ်ထွက်လာခဲ့သည်။ ဒီဖြစ်နိုင်ခြေက လူအများ၏ ဆွေးနွေးမှုများကို ဆွဲဆောင်ခဲ့သည်။ လူများစွာကို ဒီလေထုက ဆွဲဆောင်နိုင်ခဲ့ကာ သူတို့၏ ကျောက်အရိုင်းတုံးများကို ထုတ်ယူကာ ဖြတ်တောက်ဖို့ ပြင်ဆင်ကြသည်။

Duchess Capet၏ စကားသံသည် ပိုင်ရှစ်ယွင်အတွက် နောက်ဆုံး အသက်ကယ် ကောက်ရိုးမျှင်လေးတစ်ခု ဖြစ်လာခဲ့သည်။ ပိုင်ရှစ်ယွင်၏ စိတ်ထဲတွင် တစ်စုံတစ်ခု ပေါက်ကွဲသွားပုံရသည်။ နောက်တစ်စက္ကန့်တွင် သူမသည် အမှောင်ထုထဲ ကျရောက်သွားခဲ့သည်။

***